**အိန္ဒိယနိုင်ငံသံရုံး**

**ရန်ကုန်မြို့**

****

# ကရုဏာစီမံချက်- မိုခါဆိုင်ကလုန်းမုန်တိုင်းအပြီး အိန္ဒိယနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် မြန်မာနိုင်ငံသို့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာကူညီမှုများ

၁) ဒေသတွင်း သဘာဝဘေးအန္တရာယ်များကို ပထမဆုံးတုံ့ပြန်ဆောင်ရွက်သည့် နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ၎င်း၏ အစဉ်အလာ ဆောင်ပုဒ်ဖြစ်သော "တခုတည်းသော ကမ္ဘာမြေ၊ တခုတည်းသော မိသားစု၊ တခုတည်းသော အနာဂတ်" ဟုအဓိပ္ပာယ်ရသည့် "Vasudhaiva Kutumbakam"ကို လက်ကိုင်ပြုလျက် မိုခါမုန်တိုင်းဒဏ်ခံစားခဲ့ရသည့် မြန်မာပြည်သူ များအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ကူညီမှုကို ကရုဏာစီမံချက်ဖြင့်၂၀၂၃ ခုနှစ် မေလ (၁၈) ရက်နေ့တွင် စတင်ခဲ့ပါသည်။

၂) အိန္ဒိယရေတပ်သင်္ဘောများဖြစ်သည့် INS Shivalik၊ INS Kamorta နှင့် INS Savitri တို့သည် ကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများ စုစုပေါင်းတန်ချိန် (၄၀)တန်ခန့်ကို ၂၀၂၃ ခုနှစ် မေလ (၁၈) ရက်နေ့တွင် တင်ဆောင်လာခဲ့ပါသည်။ စတုတ္ထ အိန္ဒိယရေတပ်သင်္ဘောဖြစ်သည့် INS Gharial သည်ကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းများအပြင် အရေးပေါ်ဆေးဝါးများနှင့် ဆေးပစ္စည်များ ကို ၂၀၂၃ခုနှစ် မေလ (၁၉)တွင် တင်ဆောင်လာခဲ့ပါသည်။

၃) ပထမဆုံးသယ်ယူရောက်ရှိလာသော လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး ဆိုင်ရာပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Shri Vinay Kumar မှ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ထံသို့ ၂၀၂၃ ခုနှစ် မေလ (၁၈) ရက်နေ့တွင်အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ အဆိုပါလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်နိုင်မင်းကျော်၊ ရေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်လင်းဇော်၊ အမှတ်(၁)စစ်ရေယာဉ်မှူး ဗိုလ်မှူးကြီး သက်ဝင်းလှိုင် တို့တက်ရောက်ခဲ့ကြပါသည်။

၄) ထိုသင်္ဘော (၄)စီး၌ သယ်ဆောင်လာသည့် ကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများတွင် အရေးပေါ်အတွက်အသုံးပြုရန် မရှိမဖြစ်လိုအပ်သော အသုံးအဆောင်များဖြစ်သည့် စားနပ်ရိက္ခာများ၊ လူသုံးကုန်များပါဝင်သည့်သေတ္တာ (၁၄) လုံး နှင့်အတူ ဆေးသေတ္တာ (၁၆) လုံး တို့ပါဝင်သည်။ INS Gharial သင်္ဘောပေါ်တွင်လည်း ကုတင် ၂၀၀ ရွေ့လျားဆေးရုံ ရေယာဉ် အဖြစ်အသုံးပြုနိုင်ပါသည်။ ဆေးသေတ္တာများတွင် ရှေးဦးသူနာပြုပစ္စည်းများ၊ ပဋိဇီဝဆေးများ၊ anti-histamines၊ အကိုက်အခဲပျောက်ဆေးများ၊ အများအားဖြင့် ကူးစက်ရောဂါများနှင့် အခြားရောဂါများအတွက် အကြောသွင်းဆေးရည်များပါဝင်သည်။

၅) လွှဲပြောင်းပေးအပ်ခဲ့သော စားနပ်ရိက္ခာများတွင် အသင့်စားခေါက်ဆွဲခြောက်၊ ဆန်၊ နို့မှုန့်၊ သောက်သုံးရေ၊ အသင့်စား အစားအစာများ၊ အဟာရပြည့် ဘီစကွတ်၊ စားသုံးဆီ၊ သကြား၊ ငါးသေတ္တာဗူးများ၊ အသားဗူးများ၊ လဘက်ရည်၊ ဆား၊ ဟင်းခတ်အမွှေးအကြိုင်များ စသည်တို့ပါဝင်သည်။

၆) လူသုံးကုန်ပစ္စည်းများတွင် တာပေါ်လင်စများ၊မိုးကာတဲများ၊ အစွန်းချွတ် ပေါင်ဒါမှုန့်များ၊ ပိုးသတ်ဆေးရည်များ၊ ဆပ်ပြာတုံးများ၊ အဝတ်လျှော်ဆပ်ပြာမှုန့်များ၊ တစ်ကိုယ်ရည်သုံး ကျန်းမာရေး ပစ္စည်းများ၊ အမျိုးသမီးသုံး ကျန်းမာရေး ပစ္စည်းများ၊ ချိုင်းထောက်များ၊ ဘီးတပ်ထိုင်ခုံများ၊ လွှစက်များ၊ ရေငုပ်ကရိယာများ၊ မျက်နှာသုတ်ပုဝါများ၊ ရှပ်အင်္ကျီများ၊ စောင်များ၊ ခြေသုတ်ဖိနပ်များ၊ စက်သုံးဆီပေပါများ၊ နေရောင်ခြည်သုံးမီးအိမ်များ၊ ရွှေ့ပြောင်းနိုင်သောမီးစက်များ၊ ရေစုပ်စက်များ စသည်တို့ပါဝင်သည်။

၇) အဆိုပါပစ္စည်းများအားလုံးကို ရခိုင်ပြည်နယ်သို့ လေယာဉ်ဖြင့် ချက်ခြင်းသယ်ပို့ပေးပြီး မုန်တိုင်းဒဏ်ထိခိုက် ခံစားရသည့် လူမှုအသိုင်းအဝန်းများကို ဖြန့်ဖြူးပေးမည်ဖြစ်သည်။

၈) အိန္ဒိယနိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး တို့အတွက် လိုအပ်ချက်များအပေါ်မူတည်ပြီး ကရုဏာစိမ်ချက်ဖြင့် ထပ်မံကူညီပေးရန်အသင့်ရှိပါသည်။

ရန်ကုန်မြို့
၂၀၂၃ခုနှစ် မေလ (၁၉) ရက်။